“အသံ”

# တရုတ်လူမျိုးအဘယ်ကြောင့် မိမိကိုယ်ကို ပိုပြီးယုံကြည်လာသနည်း

တရုတ်နိုင်ငံအစည်းအဝေးကြီး နှစ်ခုသည်ကမ္ဘာ့အပေါ်ဆွဲဆောင်မှုအား ပိုမိုကြီးမားလာစေသည်။ ယခုနှစ်သတင်းလာယူသော နိုင်ငံခြားသတင်းထောက်များမှာ(၁၅၀၀)ဦးအထိ တိုးမြှင့်လာသည်။ အင်္ဂလန်နိုင်ငံ “The Guardian” ထဲတွင်ဖော်ပြသည်မှာ- “အစည်းအဝေးကြီးနှစ်ရပ်သည် တရုတ်နိုင်ငံပြည်တွင်းကိစ္စရပ်များသာမက တစ်ကမ္ဘာလုံးကိုထိရောက်မှုအားရှိနေသည်။ တစ်ကမ္ဘာလုံးကိစ္စရပ်များအပေါ်မှာလည်း ကြီးမားသောထိရောက်မှုအားရှိနေပါသည်။”

“ယနေ့လောကတွင် မည်သည့်ပါတီ၊ မည်သည့်နိုင်ငံ၊ မည်သည့်တိုင်းရင်းသားက မိမိကိုယ်ယုံကြည်စိတ်အပြည့်ရှိသနည်းဟုမေးလျှင် တရုတ်နိုင်ငံကွန်မြူနစ်ပါတီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်လူမျိုးက မိမိကိုယ်တိုင်ယုံကြည်စိတ်အပြည့်ဆုံးရှိသည်။”ဟု တရုတ်နိုင်ငံသမ္မတရှီကျင့်ဖိန်က တိကျအားပါစွာပြောကြားခဲ့သည်။

ယခုနှစ် အစည်းအဝေးကြီးနှစ်ခုတွင် လမ်းကြောင်းယုံကြည်ချက်၊ သဘောထားယုံကြည်ချက်၊ စနစ်ယုံကြည်ချက်၊ ယဉ်ကျေးမှုယုံကြည်ချက်ဟူသော “ယုံကြည်ချက်လေးရပ်”သည် ကိုယ်စားလှယ်ကော်မတီအဖွဲ့ဝင်များ၏ ပွဲတင်ထပ်သံရရှိနိုင်ခဲ့သည်။ ယခုခေတ်တရုတ်လူမျိုးသည် ပြည့်ဝသော ယုံကြည်ချက်ဖြင့် ကမ္ဘာနှင့်စကားအပြန်အလှန်ပြော၊ ကမ္ဘာ့အတွင်းသို့ရော ပါဝင်ရောက်နေသည်ဟု ထင်မြင်ယူဆနေကြသည်။



## အကြောင်းရင်း(၁)
## ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တရုတ်အံ့ဖွယ်ကိုတည်ဆောက်

လူဦးရေ (၁.၃)ဘီလီယံရှိသော တရုတ်နိုင်ငံကြီးတွင် စီးပွားရေးဖွံ့ဖြိုးမှုအရှိန်နှုန်းမှာ (၆.၇%)အထက်ဆက်လက်ထိန်းသိမ်းသည်။ ယခုနှစ်များတွင် ကမ္ဘာ့စီးပွားရေးအတွက် ထောက်ပံ့နှုန်းမှာ(၃၀%)အထက်ရှိသည်၊ လူဦးရေသိန်းပေါင်း(၇၀၀)ကို ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေနိုင်ခဲ့သည်။ ရှန်ဟဲလူမှုသိပ္ပံအကယ်ဒမီမှ ကျောင်းအုပ်ကြီးဝမ်ကျန့်က ယခုခေတ်ဖွံ့ဖြိုးတိုးတက်မှုဖြင့် ဖြစ်ပေါ်လာသော တရုတ်အရှိန်၊ တရုတ်အံ့ဖွယ်နှင့် တရုတ်စွမ်းဆောင်မှုကြောင့် ကျွန်တော်တို့ မိမိကိုယ်ကိုပိုပြီးယုံကြည်လာသည်။

“ ‘တရုတ်ထုတ်လုပ်မှု’သည် အဆင့်နိမ့်အရည်အသွေးမကောင်းသော ကိုယ်စားပြုစကားလုံးမဟုတ်တော့ပါ။ တရုတ်နိုင်ငံ၏Hua wei၊ Xiaomi၊ VIVO၊ OPPO စသည့်အမှတ်တံဆိပ်များသည် ကမ္ဘာ့အကောင်းဆုံးသောလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်သော စွမ်းအားရှိနေပြီ။” ဟု လုရှင်းကပြောဆိုသည်။ ယခုနှစ်ပိုင်းတွင် တရုတ်နိုင်ငံစီးပွားရေးသည် ပုံမှန်နောက်ဆုတ်သည့်ပုံစံအောက်မှ အဆင့်မြင့်ပုံစံအရှိန်မြန်စွာ ပြုပြင်ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်မှုအရည်အသွေး ကြီးစွာမြှင့်တင်လာနိုင်ခဲ့သည်။ အချို့နယ်ပယ်များတွင် တရုတ်နိုင်ငံလုပ်ငန်းများသည် နောက်လိုက်သူမှ ဦးဆောင်သူအဖြစ် သို့ပြောင်းလဲနေပြီဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုနှင့်တံခါးဖွင့်ခြင်း ပြီးနောက်ဖြစ်ပေါ်လာသော တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏အံ့ဖွယ်ရာသစ်ဟု ဆိုနိုင်ပေသည်။ “ဒီအံ့ဖွယ်ရာများမှာ ကျွန်တော်တို့ရဲ့ထူးခြားတဲ့လမ်းကြောင်း၊ သဘောထား၊ စနစ်ဖြင့်ဖြစ်မြောက်လာခဲ့တယ်။ သင်ပြောကြည့်ပါ။ တရုတ်လူမျိုးရဲ့ ကိုယ်တိုင်ယုံကြည်စိတ်ပိုများမလာ သင့်ပေဘူးလား။”

## အကြောင်းရင်း(၂) – တရုတ်အဆိုပြုလွှာကို ကမ္ဘာနှင့်အတူမျှဝေခံစား

ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲမှ ဟန်ကျိုး G20ထိပ်သီးအစည်းအဝေးအထိ၊ “တစ်ဇုန်တစ်လမ်း”မှ လူသားကံကြမ္မာတူအသိုက်အဝန်းအထိ. . . နိုင်ငံတကာစင်မြင့်ပေါ်တွင် တရုတ်နိုင်ငံက နိုင်ငံကြီးပုံရိပ်ကို ပီသစွာဖော်ပြနေလျက်ရှိပြီး ကမ္ဘာ၏အသိအမှတ်နှင့် လေးစားခြင်းကို ပိုပြီးခံယူနေရပါသည်။

တရုတ်နိုင်ငံ၏ အရှိန်မြင့်ရထားသည် ကမ္ဘာနှင့်ချိတ်ဆက်နေသည်။ တရုတ်နိုင်ငံလုပ်ငန်းများသည် ပင်လယ်ရပ်ခြားနိုင်ငံများထံ အတွေ့အကြုံသစ်နှင့် ပုံစံအသစ်ကိုသယ်ဆောင်ကြသည်။ “တစ်ဇုန်တစ်လမ်း” ဆောက်လုပ်ရေးသည်ဆက်လက်တွန်းဆော်နေသည်. . . တရုတ်နိုင်ငံ၏ ရှေ့ဆက်လျှောက်လှမ်းချက်များသည်ကမ္ဘာကိုအကျိုးပေးနေလျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ စူးစမ်းလေ့လာချက်များသည် ကမ္ဘာ့အတွက် “တရုတ်အဆိုပြုလွှာ” ကို ထောက်ပံ့ပေးနေလျက်ရှိသည်။

## အကြောင်းရင်း(၃) – တရုတ်နိုင်ငံ၏ တိုးတက်မှုကိုပြည်သူများက မျက်မြင်သက်သေပြု

ပြည်သူများအားလုံးလင်းထိန်ကျယ်ဝန်းသောအိမ်တွင်နေထိုင်နိုင်၊ အိမ်တိုင်းတွင်တီဗွီ၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာများရှိလာ၊ အိမ်တိုင်းမီတာရေ၊ လျှပ်စစ်မီး၊ အင်တာနက်ဆက်နိုင်၊ ဆေးဝါးကုသပူးပေါင်းဆောင်ရွက်မှု၊ ပင်စင်ယူအာမခံ၊ဆင်းရဲသောအိမ်ထောင်စုများအတွက် အာမခံ(၅)ရပ်ကို ပံ့ပိုးပေးရေးစသည်တို့အနှံ့လုပ်ဆောင်လာနိုင်၊ အုပ်ချုပ်ရေးကျေးရွာ(၇)ခုတွင်လည်း လမ်းဖောက်နိုင်ခဲ့။. . . .

## အကြောင်းရင်း(၄) – ယဉ်ကျေးမှုဖြင့်တရုတ်ဆွဲဆောင်အားမြှင့်တင်

China ဆိုသည်မှာ တရုတ်နိုင်ငံသာမကကြွေထည်၏ အဓိပ္ပာယ်ရှိသည်။ ကျင်တယ်ကျိန့် ကြွေထည်တက္ကသိုလ်အနုပညာကောလိပ်မှ ယာယီတာဝန်ခံကျောင်းအုပ်ဟောပင်ချင်းက ပြောဆိုသည်မှာ- ယဉ်ကျေးမှုလျှောက်ထွက်ရာတွင် ကြားခံနယ်လိုအပ်သည်။ နှစ်ပေါင်းထောင်ချီသမိုင်းရှိသော ကျင်တယ်ကျိန့်ကြွေထည်ယဉ်ကျေးမှုသည် တရုတ်နိုင်ငံနှင့်ကမ္ဘာ့ဖလှယ်၊ ရောစပ်ရာ၌အလွန်ကောင်းမွန်သော တံတားတစ်ခုဖြစ်ပါသည်။ ဟောပင်ချင်းက ဆက်လက်မိတ်ဆက်ပြောကြားသည်မှာ- ယခုနှစ်ပိုင်းတွင် ပြည်တွင်းပြည်ပ၌ ကျင်တယ်ကျိန့်သည် ဆန်းသစ်ကြွေထည်ပြပွဲပေါင်းများစွာကိုကျင်းပခဲ့ရာ ကျင်တယ်ကျိန့်ကြွေထည်ယဉ်ကျေးမှုသည် တရုတ်ယဉ်ကျေးမှုဖြန့်ဝေရာဖြစ်စေ၊ တရုတ်ပုံပြင်ကိုပြောဆိုရာတွင်ဖြစ်စေ သက်ဝင်စေသော ကြားခံနယ်တစ်ခုဖြစ်လာစေခဲ့သည်။

“ပြည်သူ့နေစဉ်သတင်းစာ” မှ ရေးတင်ခဲ့ရာ ဤတွင်အနည်းငယ်တည်းဖြတ်ထားခြင်းရှိသည်။

လက်ဖက်ခြောက်နီချန်းနင်ဟုတ်သည် အဘယ်ကြောင့်ပြည်တွင်းပြည်ပတွင်ရေပန်းစားလာသနည်း။

ဖေဖော်ဝါရီလတွင် နှစ်ပေါင်းထောင်ချီရှိသော လက်ဖက်ရွာမှလက်ဖက်ခြောက်နီ“ချန်းနင်ဟုန်” သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယူနန်ကိုတစ်ကမ္ဘာလုံးထံ မိတ်ဆက်ကြော်ငြာပွဲ အစီအစဉ်အပေါ်တွင် ၎င်း၏တမူထူးခြားသော “ပယင်းရွှေဟင်းရည်၊ အရသာမွှေးချို”ဟူသောအချက်ဖြင့် ပြည်တွင်းပြည်ပမှဧည့်သည်များကိုဆွဲဆောင်နိုင်ခဲ့ပါသည်။

မတ်လချန်းနင်ခရိုင် ဝိုင်ချွင်မြို့နယ် စုံးစန်းရွာတွင်ရှိ လက်ဖက်ခြံများသည် စနစ်တကျကောင်းမွန်စွာ ကြီးထွားနေပါသည်။ စိုက်ပျိုးသမားများ အလုပ်ရှုပ်နေကာ ပင်ပန်းသော်လည်း ပျော်ရွှင်နေကြပါသည်။

ချန်းနင်နယ်တွင်းတွင်(၄.၉)သောင်းမူရှိသောလက်ဖက်ခြံဟောင်းများ၊ လက်ဖက်ပင်အဟောင်း (၂)သိန်းကျော်ရှိသည်။ နှစ်ပေါင်းထောင်ချီရှိသော လက်ဖက်ရွာဖြစ်ပါသည်။ ၁၉၈၆ခုနှစ်ချန်းနင်ခရိုင်သည် ဖူကျင့်အမ်းရှီး၊ ကျဲကျန်းဖူရန်၊ အမ်းဟွေယွဲရှီးနှင့်အတူ တရုတ်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနမှ တစ်နိုင်ငံလုံးအရည်အသွေးမြင့် လက်ဖက်စခန်းခရိုင်(၄)ခုဟု အမည်ပေးခြင်းခံခဲ့ရသည်။

လက်ဖက်ခြောက်အရည်အသွေးကိုအာမခံချက်ရှိစေရန် ချန်းနင်ဟုန်လက်ဖက်ခြောက်နီလုပ်ငန်းကုမ္ပဏီက နိုင်ငံတကာ “ Rainforest Alliance ” အသိမှတ်ပြုခြင်းနှင့် EUစံနှုန်းအော်ဂဲနစ်လက်ဖက်ခြံအသိမှတ်ပြုခြင်းကို ရယူရန်ကြိုးစားခဲ့သည်။ ယခုအဆိုပါကုမ္ပဏီ၏ လက်ဖက်ထုတ်လုပ်မှုဇုန်တွင် (၅၀၇၈)မူလက်ဖက်ခြံသည်နိုင်ငံတကာ“Rainforest Alliance”၏ အသိအမှတ် ပြုခြင်းခံခဲ့ပြီး (၃)သောင်းမူကျော်သော လက်ဖက်ခြံမှာလျှောက်ထားရာ ယခုနှစ်ရှေ့နှစ်ဝက်တွင် စစ်ဆေးပြီးမည်ဟု ခန့်မှန်းထားသည်။

ကောင်းမွန်သော အရည်အသွေးနှင့်ထူးခြားသောအရသာကြောင့် အဆိုပါကုမ္ပဏီသည် အော်ဒါအဆက်မပြတ်လက်ခံရရှိနေပါသည်။ ယခုတွင်၎င်းကုမ္ပဏီထွက်သောကုန်ပစ္စည်းကို ရုရှား၊ ပြင်သစ်၊ အင်္ဂလန်၊ နယူးဇီလန်၊ မလေးရှား စသည့်နိုင်ငံဒေသ(၁၅)ခုသို့တင်ပို့ရောင်းချလျက်ရှိသည်။ ယခုနှစ်တွင် လက်ဖက်ခြောက်အော်ဒါတန်ချိန်(၁)သောင်းကျော်ကို အဆိုပါကုမ္ပဏီမှ လက်ခံရရှိပြီဖြစ်သည်။ ရောင်းချအားများစွာမြှင့်တင်မည်ဖြစ်သည်။

သတင်းထောက် ကျူကျင်းလိပ်

ကျာယူဝေ